# ယေရှုခရစ်တော်၏
## ဧဝံဂေလိတရား



# လူသည် အပြစ်သားဖြစ်သည်။

ကျမ်း စာ လာ သည် ကား၊ ဖြောင့် မတ် သော သူ မ ရှိ၊ တ ယောက် မျှ မ ရှိ။ နား လည် သော သူ မ ရှိ။ ဘု ရား သ ခင် ကို ရှာ သော သူ မ ရှိ။

ရောမဩဝါဒစာ ၃:၁၀-၁၁

အ ဘယ် ကြောင့် နည်း ဟူ မူ ကား၊ လူ အ ပေါင်း တို့ သည် ဒု စ ရိုက် ကို ပြု ၍ ဘု ရား သ ခင့် ရှေ့ တော် ၌ အ သ ရေ ပျက် ကြ ပြီ။

ရောမဩဝါဒစာ ၃:၂၃

# လူသည်ကိုယ့်ကိုယ်ကို မကယ်တင်နိုင်သောသူ ဖြစ်သည်။

ယုံ ကြည် သော အား ဖြင့် ကျေး ဇူး တော် ကြောင့် ကယ် တင် ခြင်း သို့ ရောက် ရ ၏။ ကိုယ် အ လို အ လျောက် ရောက် သည် မ ဟုတ်။ ဘု ရား သ ခင် သ နား တော် မူ ရာ ဖြစ် သ တည်း။ ကိုယ် ကု သိုလ် ကြောင့် ကယ် တင် တော် မူ ခြင်း သို့ ရောက် သည် မ ဟုတ်။ သို့ ဖြစ် ၍ အ ဘယ် သူ မျှ ဝါ ကြွား စ ရာ အ ခွင့် မ ရှိ။

ဧဖက်ဩဝါဒစာ ၂:၈-၉

အ ကျွန်ုပ် တို့ ရှိ သ မျှ သည် စင် ကြယ် ခြင်း မ ရှိ ပါ။ ပြု ဘူး သ မျှ သော ကု သိုလ် ကောင်း မှု တို့ သည် ညစ် သော အ ဝတ် နှင့် တူ ကြ ပါ ၏။

ဟေရှာယအနာဂတ္တိကျမ်း ၆၄:၆a

# လူသည်သေခြင်းနှင့် ထိုက်တန်သောသူဖြစ်သည်။

အ ပြစ် တရား၏အခကားသေခြင်းပေတည်း။

ရောမ သြဝါဒစာ ၆:၂၃a

လူ သည် တ ခါ တည်း သေ ၍ ထို နောက် မှ တ ရား စီ ရင်
တော် မူ ခြင်း ကို ခံ ရ သ ကဲ့ သို့၊

ဟေဗြဲ သြဝါဒစာ ၉:၂၇

## ကျွန်ုပ်တို့သည် အပြစ်သားများဖြစ်ကြောင်း မည်သို့သိနိုင်မည်နည်း။

ကျွန်ုပ်တို့သည် ဗီဇအားဖြင့် အပြစ်သားများဖြစ်သည်။ ထိုဗီဇလက္ခဏာကို ကျွန်ုပ်တို့၏ ဆိုးသွမ်းသော အတွေးများ၊ မမှန်သော စကားလုံးများနှင့် နစ်နာစေတတ်သော လုပ်ရပ်များအားဖြင့် မြင်တွေ့ရသည်။ ထိုအပြစ်ကြောင့် ကျွန်ုပ်တို့နှင့်ထိုက်တန်သော ပြစ်ဒဏ်ဖြစ်သည့် ငရဲမီးအိုင်တွင် ထာဝရအပြစ်ကို ခံရမည်မှာ သေချာသည်။

## ယေရှုခရစ်တော်သည် ပြီးပြည့်စုံသောကယ်တင်ရှင်ဖြစ်သည်။

စ ကား တော် ကို ကိုယ် တိုင် ကြား နာ ရ ၍၊ ဤ သူ သည် လော ကီ သား တို့ ကို ကယ် တင် တော် မူ သော သ ခင် တည်း ဟူ သော ခ ရစ် တော် အ မှန် စင် စစ် ဖြစ် တော် မူ ကြောင်း ကို သိ သည် ဟု ဆို ကြ ၏။

ရှင်ယောဟန်ခရစ်ဝင် ၄:၄၂

အ ဘယ် ကြောင့် နည်း ဟူ မူ ကား၊ ဘု ရား သ ခင် သည် အ ပြစ် နှင့် ကင်း စင် သော သူ ကို ငါ တို့ အ တွက် ကြောင့် အ ပြစ် ရှိ သော သူ ဖြစ် စေ တော် မူ ၏။ အ ကြောင်း မူ ကား၊ ငါ တို့ သည် ထို သူ အား ဖြင့် ဘု ရား သ ခင့် ရှေ့ တော် ၌ ဖြောင့် မတ် သော သူ ဖြစ် မည် အ ကြောင်း တည်း။

ကောရိန္သု သြဝါဒစာ ဒုတိယစောင် ၅:၂၁

## ကျွန်ုပ်တို့၏ အပြစ်အတွက် အဘယ်သူအသေခံခဲ့သနည်း။

ငါ တို့ သည် အ ပြစ် ရှိ စဉ် ပင်၊ ခ ရစ် တော် သည် ငါ တို့ အ တွက် ကြောင့် အ သေ ခံ တော် မူ သည် ဖြစ် ၍၊ ဘု ရား သ ခင် သည် ငါ တို့ ကို အ ဘယ် မျှ လောက် ချစ် တော် မူ သည် ကို ငါ တို့ အား ထင် ရှား စွာ ပြ တော် မူ ၏။

ရောမသြဝါဒစာ ၅:၈

ငါသည် ကိုယ် တိုင် ခံ ယူ သည် အ တိုင်း၊ သင် တို့ အား ရှေ့ ဦး စွာ အပ် ပေး သော အ ကြောင်း အ ရာ ဟူ မူ ကား၊ ခ ရစ် တော် သည် ကျမ်း စာ လာ သည် အ တိုင်း ငါ တို့ အ ပြစ် ကြောင့် အ သေ ခံ တော် မူ ၏။

ကောရိန္သု သြဝါဒစာ ပထမစာစောင် ၁၅:၃

# အဘယ်သူသည် သေခြင်းကို အောင်နိုင်ခဲ့သနည်း။

သင်္ဂြိုဟ် ပြီး မှ၊ ကျမ်း စာ လာ သည် အ တိုင်း သုံး ရက် မြောက် သော နေ့ ၌ ထ မြောက် တော် မူ ၏။

ကောရိန္သု သြဝါဒစာ ပထမစာစောင် ၁၅:၄

ယေ ရှု သည် သေ ပြီး မှ တ ဖန် ထ မြောက် တော် မူ သည် ကို ငါ တို့ သည် ယုံ လျှင်၊ ထို နည်း တူ ယေ ရှု ၌ အိပ် ပျော် သော သူ တို့ ကို လည်း၊ ထို သ ခင် နှင့် အ တူ ဘု ရား သ ခင် ပို့ ဆောင် တော် မူ လိမ့် မည်။

သက်သာလောနိတ် သြဝါဒစာ ပထမစာစောင် ၄:၁၄

## ကျွန်ုပ်တို့အပြစ်များမှ အဘယ်သူ ကယ်တင်နိုင်သနည်း။

ကျွန်ုပ်တို့၏အပြစ်များ မည်မျှပင်လေးနက်ပါစေ၊ ယေရှုခရစ်တော်သည် ကျွန်ုပ်တို့ကို ကယ်တင်ရန် ဆန္ဒရှိ၍ တတ်နိုင်တော်မူ၏။ ယေရှုသည် သူ၏ အဖိုးတန်အသွေးတော်ကို လက်ဝါးကပ်တိုင်ပေါ်တွင် မေတ္တာဖြင့် သွန်းလောင်းပြီး ကျွန်ုပ်တို့၏အပြစ်များမှ ခွင့်လွှတ်ခြင်းရရှိနိုင်စေရန်အတွက် ကျွန်ုပ်တို့၏နေရာတွင် ကိုယ်စား အသေခံခဲ့သည်။

## ထို့ကြောင့် သင်၏အပြစ်များမှနောင်တရပါ။

သာ ၍ အ ပြစ် ရှိ သည် မ ဟုတ်။ သင် တို့ ရှိ သ မျှ သည် လည်း နောင် တ မ ရ လျှင် ပျက် စီး ခြင်း သို့ ရောက် ကြ လိမ့် မည် ဟု ငါ ဆို ၏။

ရှင်လုကာခရစ်ဝင် ၁၃:၃

ပေ တ ရု က လည်း၊ သင် တို့ ၏ အ ပြစ် ကို လွှတ် စေ ခြင်း ငှါ နောင် တ ရ ၍ တ ယောက် မျှ မ ကြွင်း၊ ယေ ရှု ခ ရစ် ၏ နာ မ ၌ ဗတ္တိ ဇံ ကို ခံ ကြ လော့။

တမန်တော်ဝတ္ထု ၂:၃၈a

## ယေရှုကို ယုံကြည်ပါ။

ဘု ရား သ ခင် ၏ သား တော် ကို ယုံ ကြည် သော သူ အ ပေါင်း တို့ သည် ပျက် စီး ခြင်း သို့ မ ရောက်၊ ထာ ဝ ရ အ သက် ကို ရ စေ ခြင်း ငှါ၊ ဘု ရား သ ခင် သည် မိ မိ ၌ တ ပါး တည်း သော သား တော် ကို စွန့် တော် မူ သည် တိုင် အောင် လော ကီ သား တို့ ကို ချစ် တော် မူ ၏။

ရှင်ယောဟန်ခရစ်ဝင် ၃:၁၆

ထို သူ တို့ က လည်း၊ သ ခင် ယေ ရှု ခ ရစ် ကို ယုံ ကြည် လော့။ ယုံ ကြည် လျှင် သင် နှင့် သင် ၏ အိမ် သူ အိမ် သား တို့ သည် ကယ် တင် ခြင်း သို့ ရောက် ကြ လိမ့် မည် ဟု ပြော ဆို လျက်၊

တမန်တော်ဝတ္ထု ၁၆:၃၁

# ပြောင်းလဲသောအသက်တာနှင့် နေထိုင်ပါ။

လူ မည် သည် ကား၊ ခ ရစ် တော် ၌ ရှိ လျှင် အ သစ် ပြု ပြင် သော သတ္တ ဝါ ဖြစ် ၏။ ဟောင်း သော အ ရာ တို့ သည် ပြောင်း လဲ ၍ ခပ် သိမ်း သော အ ရာ တို့ သည် အ သစ် ဖြစ် ကြ ပြီ။

ကောရိန္သု သြဝါဒစာ ဒုတိယစောင် ၅:၁၇

ဇာ တိ ပ က တိ စိတ် သ ဘော သည် သေ ခြင်း အ ကြောင်း ဖြစ် ၏။ ဝိ ညာဉ် ပ က တိ စိတ် သ ဘော သည် အ သက် ရှင် ခြင်း အ ကြောင်း နှင့် ငြိမ် သက် ခြင်း အ ကြောင်း ဖြစ် ၏။

ရောမသြဝါဒစာ ၈:၆

## ကယ်တင်ခြင်းသို့ရောက်ရန် ကျွန်ုပ်ဘာလုပ်နိုင်သနည်း။

ယေရှုခရစ်တော်သည် တစ်ခုတည်းသော စစ်မှန်သော ကယ်တင်ခြင်း အတွက် လမ်းခရီး ဖြစ်ကြောင်း ယုံကြည်ပြီး ကိုယ်တော်အား သင့် အသက်တာ၏ ကယ်တင်ရှင်အဖြစ် ဝန်ခံရမည်။ ကယ်တင်ခြင်းဆိုသည် မှာ သင်၏ကောင်းမှုကုသိုလ်များမှ သင့်အား ကောင်းကင်ဘုံသို့ မ ပို့ဆောင်နိုင်သောကြောင့် ဘုရားသခင်ထံမှ အခမဲ့လက်ဆောင် ဖြစ်သည်။

# ချစ်ခင်ရပါသော မိတ်ဆွေ

ကျွန်ုပ်တို့ကဲ့သို့သော အပြစ်သားများကို ကယ်တင်ရန် ယေရှုခရစ်တော်ကို စေလွှတ်ခဲ့သော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် မည်မျှ အံ့သြဖွယ်ကောင်းသနည်း။ ယနေ့သင်သည် ကိုယ်တော်ကိုယုံကြည်ပြီး ကယ်တင်ခြင်း ရရှိမည်မဟုတ်လော?

# အပြစ်သား၏ဆုတောင်းချက်

ကျေးဇူးတော်ရှင် ကောင်းကင်ဘုံရှင်အဘ၊
ကျွန်ုပ်ကဲ့သို့ အပြစ်သားတစ်ဦးအား ကယ်တင်ရန် ယေရှုခရစ်တော်ကို စေလွှတ်သော ချစ်ခြင်းမေတ္တာအတွက် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်အပြစ်အတွက် လက်ဝါးကပ်တိုင်မှာ အသေခံပြီး သင်္ဂြိုဟ်ပြီး သုံးရက်မြောက်နေ့မှာ သေခြင်းကနေ ရှင်ပြန်ထမြောက်ခဲ့တယ်။ ကျွန်ုပ်သည် အပြစ်သားတစ်ဦးဖြစ်ကြောင်း ဝန်ခံပြီး ကျွန်ုပ်၏အပြစ်အားလုံးကို သန့်စင်ရန် သခင်ယေရှု၏အသွေးကို လိုအပ်ပါသည်။ ကိုယ်တော်နှစ်သက်သော အသက်တာ ပိုင်ဆိုင်နိုင်စေဖို့ ကျွန်ုပ်အား ကျေးဇူးပြု၍ ကူညီပေးပါ။ ဤကယ်တင်ခြင်းနဲ့ ထာဝရအသက်လက်ဆောင်ကို ပေးအပ်ခြင်း ချစ်ခြင်းမေတ္တာအတွက်
ကျေးဇူးတင်ပါတယ်။ ယေရှုခရစ်၏နာမ၌ အာမင်။

# Tabernacle
# Bible-Presbyterian Church

| | | |
|---|---|---|
| **တနင်္ဂနွေနေ့ အစီအစဉ်များ၊** (သုံးထပ်မြောက်) | ဝတ်ပြုကိုးကွယ်ခြင်း။ | ညနေ ၃:၀၀ |
| | Sunday School အတန်းများနှင့် မြန်မာဘာသာဖြင့် ကျမ်းစာလေ့လာခြင်း။ | ညနေ ၅:၀၀ |

**ကျွန်ုပ်တို့ကို ဆက်သွယ်ပါ**

သင်းအုပ်ဆရာ Clement Chew
9829 7665

စုံစမ်းမေးမြန်းရန်
enquiry@tabernaclebpc.com

**ကျွန်ုပ်တို့ထံသို့ လာရောက် လည်ပတ်ပါ။**

408B, Upper East Coast Road
Singapore 466454
(premises of Holy Grace Presbyterian Church)
https://www.tabernaclebpc.com